## ဘီဘီစီ မြန်မာပိုင်းအစီအစဉ်
## ၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ (၁၉) ရက် ညပိုင်းအစီအစဉ်

**ဘီဘီစီ။** ။ သောတရှင်များခင်ဗျာ။ မြန်မာနိုင်ငံမှာ မနေ့က အစိုးရအဖွဲ့အတွင်း ရာထူးနေရာတချို့ အပြောင်းအလဲတွေပြုလုပ်ခဲ့တယ်ဆိုတဲ့သတင်းကို ထုတ်လွှင့်ခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံခြားရေးဝန်ကြီးဌာနက ဝန်ကြီး ဦးဝင်းအောင်ရော ဒုတိယဝန်ကြီးဦးခင်မောင်ဝင်းပါအနားပေးခံခဲ့ရပြီး သူတို့နေရာမှာတော့ ဗိုလ်ချုပ်ဉာဏ်ဝင်းက ဝန်ကြီးအဖြစ်နဲ့ ဖြစ်လာပါတယ်။ ဒီလိုပဲ စိုက်ပျိုးရေး၊ စီးပွားကူးသန်း၊ သမဝါယမနဲ့သယ်ယူပို့ဆောင်ပေးဝန်ကြီးနေရာတွေမှာလည်း လူသစ်တွေကိုခန့်ထားလိုက်ပါတယ်။ နအဖအစိုးရက အခုလိုအပြောင်းအလဲတွေလုပ်ရတဲ့အကြောင်းရင်းကိုထုတ်မပြောခဲ့ပါဘူး။ နိုင်ငံခြားရေးကလွဲလို ကျန်တဲ့ဝန်ကြီးဌာနတွေဟာ စီးပွားရေးနဲ့ဆက်စပ်နေတာမို့ တိုင်းပြည်စီးပွားရေးကျဆင်းနေတာကို ပြင်ဆင်ကုစားဖို့ရည်ရွယ်ချက်တွေလားလို့လည်း ခန့်မှန်းမှုတွေရှိကြပါတယ်။ ဒါပေမဲ့ အဓိကစိတ်ဝင်စားမှုတွေရှိကြတာကတော့ နိုင်ငံခြားရေးဝန်ကြီးအပြောင်းအလဲပါ။ နိုင်ငံခြားရေးဝန်ကြီးဟောင်း ဦးဝင်းအောင်ဟာ နအဖအစိုးရရဲ့ကိုယ်စား နိုင်ငံတကာအစည်းအဝေးပွဲတွေမှာ နအဖအစိုးရရဲ့မူဝါဒတွေကို တစိုက်မတ်မတ်ခုခံပြောဆိုလာခဲ့သူပါ။ မကြာခင်မှာပြုလုပ်ဖို့ရှိတဲ့ ဥရောပ အာရှဆွေးနွေးပွဲမှာလည်း မြန်မာနိုင်ငံကိုယ်စားသွားတက်လိမ့်မယ်လို့ အများကယူဆနေကြစမြဲပါ။ အခုတော့ သူ့နေရာမှာ ဗိုလ်ချုပ်ဉာဏ်ဝင်းရောက်လာခဲ့ပါပြီ။ ဗိုလ်ချုပ်ဉာဏ်ဝင်းဟာ တပ်မတော်လေ့ကျင့်ရေးဌာန ဒုတိယအကြီးအကဲဖြစ်တယ်ဆိုတဲ့သတင်းဖော်ပြချက်တချို့ရှိခဲ့ပြီး သူရဲ့နောက်ခံအကြောင်းရင်းကိုတော့ တိတိကျကျမသိရသေးပါဘူး။ အခုလိုအပြောင်းအလဲတွေ ဘာဖြစ်လို့ဖြစ်ခဲ့တာလဲ။ ပြည်တွင်းက သဘောထားကိုသိရအောင်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြောခွင့်ရ ဦးလွင်ကိုဆက်သွယ်မေးမြန်းတော့ ဦးလွင်ကခုလိုစပြောပါတယ်။

**ဦးလွင်။** ။ ဒီအပြောင်းအလဲဟာ သူတို့က ဟို လုပ်ရိုးလုပ်စဉ်တွေပါပဲ။ လုပ်ရိုးလုပ်စဉ်ဆိုတာက အဲ တကယ်စဉ်းစားကြည့်ရင် သူတို့ဒီလိုပဲခဏခဏအပြောင်းအလဲလုပ်တယ်။

**ဘီဘီစီ။** ။ ဟုတ်ကဲ့။ အခုအသစ်ခန့်လိုက်တဲ့လူတွေထဲမှာပေါ့နော်၊ အထူးသဖြင့် နိုင်ငံခြားရေးဝန်ကြီး အသစ်ဖြစ်လာတဲ့လူ သူ့အကြောင်းရောသိပါသလားခင်ဗျာ။ သူ့ရဲ့နောက်ခံပေါ့။

**ဦးလွင်။** ။ ဒါ နာမည်လည်းမကြားဖူးဘူးခင်ဗျာ။ သူတို့တတွေကျတော့ တော်တော်လေး အန်ကယ်တို့ မသိတော့ဘူး။

**ဘီဘီစီ။** ။ ဟုတ်ကဲ့။ အထူးသဖြင့်နိုင်ငံခြားရေးဝန်ကြီးမှာပေါ့နော်။ နိုင်ငံခြားရေးဝန်ကြီးရာထူးကိုယူတဲ့လူက နိုင်ငံတကာနဲ့ဆက်ဆံရတဲ့နေရာမှာ တော်တော်လေးပဲအရေးပါတဲ့နေရာမှာရှိတယ်။ မျက်နှာစာမှာရှိတယ်။ အခုလိုစစ်တပ်အရာရှိကြီးတယောက်က အရပ်သားဝတ်စုံဝတ်ထားတဲ့လူနေရာမှာ စစ်တပ်အရာကြီးတယောက်ခန့်အပ်လိုက်တော့ မြန်မာအစိုးရရဲ့မူ သူ့သဘောထားဘယ်လိုများရှိတယ်လို့ အန်ကယ်ထင်ပါသလဲခင်ဗျာ။

**ဦးလွင်။** ။ အဲဒါကတော့ ပြောရခက်တယ်ပေါ့လေ။ သို့သော်လည်း သူတို့စစ်တပ်ကလူပဲ သူတို့ထားဖို့ ရည်ရွယ်ဟန်တူပါတယ်။ အဲ့လိုဆိုရင်တော့ စစ်တပ်မှာကတော့ ဒီနိုင်ငံခြားရေးရာကိုကျွမ်းကျင်တဲ့အပိုင်းကမရှိပါဘူး။ အဲတော့ ဖြစ်နိုင်တာနည်းနည်းအလားအလာရှိတာက စစ်သံလုပ်ဖူးတဲ့လူတို့၊ နောက်သံအမတ်လုပ်ဖူးတဲ့လူတွေလည်းရှိတတ်ပါတယ်။ အဲဒီလိုအပိုင်းကလူတွေဆိုရင်တော့မဆိုးပါဘူး။

**ဘီဘီစီ။** ။ ဟုတ်ကဲ့ အန်ကယ်။ နောက် လာမယ့်လမှာကျင်းပဖို့ရှိတဲ့ အာဆမ်ပေါ့ အာရှ ဥရောပ အစည်းအဝေးပွဲမှာ မြန်မာနိုင်ငံကနိုင်ငံခြားရေးဝန်ကြီးတယောက်တက်ရမယ်ပေါ့လေ။ သူတို့အတိအကျတော့ မဆုံးဖြတ်သေးဘူး။ ဒါပေမဲ့ တက်မယ်ဆိုရင်လည်း နိုင်ငံခြားရေးဝန်ကြီးပဲတက်မယ်လို့ ဥရောပသမဂ္ဂကနေ တောင်းဆိုထားတာတွေရှိတော့ပေါ့နော် အခုတော့ အခုအသစ်ဖြစ်လာတဲ့နိုင်ငံခြားရေးဝန်ကြီးကနေ အခုလို သွားတက်မယ်ဆိုလို့ရှိရင် ဘယ်လိုဖြစ်လာနိုင်မလဲခင်ဗျာ။

**ဦးလွင်။** ။ ဒါကတော့ သူ့ပထမအတွေ့အကြုံပဲလေ။ သူသက်ဆိုင်ရာတာဝန်ရှိတဲ့ လူကြီးတွေရဲ့ Briefing ရှိဦးမှာပေါ့လေ။ ကျန်တာတော့ သူတာဝန်ပဲ။ ကြိုးစားဖို့ကသူ့တာဝန်ပေါ့။

**ဘီဘီစီ။** ။ ဟုတ်ကဲ့ခင်ဗျာ။ အခုလိုအစိုးရအတွင်းမှာလည်း ဟို အပြောင်းအလဲတွေရောလုပ်လာတယ် ပေါ့နော်။ အစိုးရအဖွဲ့အထဲမှာ ရာထူးနေရာတွေအပြောင်းအလဲတွေရောလုပ်လာတယ်။ အစိုးရအဖွဲ့ကနေ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ဆက်ဆံရေးဖက်မှာရောအပြောင်းအလဲ ဒီ အခုတလောမှာရှိပါသလားခင်ဗျာ။

**ဦးလွင်။** ။ အဲဒါကတော့ ဒီ ဝန်ကြီးသုံးလေးယောက်အပြောင်းအလဲလောက်နဲ့တော့ အဲ ထင်ထင်ရှားရှားမပေါ်လွင်ဘူးလေ။ ဒါသူတို့ရဲ့မူဝါဒသဘောထားတွေအပေါ်မှာတည်တယ်။ နောက်ပြီးတော့ သူတို့လက်တွေ့ ဒီဖက်မှာလုပ်ရှားနေတဲ့အပိုင်းတွေပေါ့လေ။ ဒါကအထူးသဖြင့် အခြေခံတွေမှာပေါ့။ မြို့နယ်တို့ ရပ်ကွက်တို့ ဘာတို့မှာ အဲဒီမှာ သူတို့သက်ဆိုင်ရာတာဝန်ခံတွေရှိတာပေါ့လေ။ အဲ အဲ့ဒါတွေက အဲ ကိုင်တွယ်တာ ဆက်ဆံတာကြည့်ပြီးတော့ပဲ အကဲခတ်ရမှာပဲ။ ဒီ ဝန်ကြီးအပြောင်းအလဲလောက်နဲ့သိပ်ပြီးတော့မပေါ်လွင်ဘူး။

**ဘီဘီစီ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြောခွင့်ရပုဂ္ဂိုလ် ဦးလွင်ပြောသွားတာပါ။ ဒီဝန်ကြီးရာထူးအပြောင်းအလဲနဲ့ပတ်သက်လို့ နိုင်ငံတကာကတုံ့ပြန်ချက်တွေကိုသိရအောင်လည်း ကျနော်ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနကပြောခွင့်ရပုဂ္ဂိုလ် စီယာစပ်ပုံးထစ်ခရောင်း ကိုမေးကြည့်ခဲ့ပါတယ်။ မစ္စတာ စီယာစပ် ကိုမေးကြည့်တော့ သူက ဒီဝန်ကြီးရာထူးအပြောင်းအလဲနဲ့ပတ်သက်ပြီး သူတို့ကြိုတင်မသိရကြောင်းအစချီလို့အခုလိုပြောပြပါတယ်။ (အင်္ဂလိပ်စကား) သူက ဒါဟာ မြန်မာ့ပြည်တွင်းရေးသက်သက်ပါ။ အခုနိုင်ငံခြားရေးဝန်ကြီးအသစ်ဖြစ်လာသူနဲ့လည်း ထိုင်းနိုင်ငံနဲ့ရင်းနှီးတဲ့၊ ကောင်းမွန်တဲ့ဆက်ဆံရေးတွေရှိချင်ပါတယ်။ ထိုင်းနဲ့မြန်မာအကြား ချစ်ကြည်တဲ့ဆက်ဆံရေးတွေလည်း တိုးမြှင့်သွားလိမ့်လို့မျှော်လင့်ပါတယ်။ နောက်တခါ မြန်မာနိုင်ငံအတွင်းမှာစတင်နေပြီဖြစ်တဲ့ ပြည်တွင်းပြန်လည်ငြိမ်းချမ်းရေး၊ ပြန်လည်ရင်ကြားစေ့ရေးလုပ်ငန်းစဉ်တွေလည်း ပိုပြီးအရှိန်ရလာမယ်လို့ သူတို့လည်းမျှော်လင့်ပါတယ်။ နောက်တခါ မြန်မာနဲ့နိုင်ငံအကြား အပြုသဘောဆက်ဆံရေးတွေ တိုးတက်မှုတွေရှိလာမယ်လို့လည်းမျှော်လင့်ကြောင်းပြောသွားပါတယ်။ နောက်တခါ မစ္စတာစီယာစပ်ကပဲ နိုင်ငံခြားရေးဝန်ကြီးဟောင်း ဦးဝင်းအောင်ဟာ ဦးဆောင်ခဲ့သူတဦးဖြစ်ကြောင်းလည်းပြောပြသွားပါတယ်။ တခါ မြန်မာဖက်က စစ်ဗိုလ်ချုပ်တဦးကို နိုင်ငံခြားရေးဝန်ကြီးအဖြစ်နဲ့ လာမယ့်ဥရောပအာရှဆွေးနွေးပွဲ အာဆမ်ဆွေးနွေးပွဲကိုလွှတ်မယ်ဆိုရင်ရော။ အာစီယံအနေနဲ့ ဘယ်လိုများသဘောထားမှာလဲလို့ဆက်မေးတော့။ မစ္စတာစီယာစပ်က အခုလိုဖြေကြားသွားပါတယ်။ (အင်္ဂလိပ်စကား) ဘယ်သူကိုပဲ လွှတ်လွှတ်အခုအထိမြန်မာဖက်ကနေမှာ ဘယ်သူကိုလွှတ်မယ်ဆိုတာကို သူတို့တိတိကျကျမသိရသေးပါဘူးတဲ့။ ဘယ်သူကိုပဲလွှတ်လွှတ်မြန်မာနိုင်ငံကိုကိုယ်စားပြုမှာဖြစ်သလို မြန်မာအစိုးရကလည်း ဒီ ဝန်ကြီးတွေဟာနိုင်ငံကို ကိုယ်စားပြုနိုင်လောက်အောင်အရည်အချင်းပြည့်ဝသူလို့မှတ်ယူလို့သာ အခုလိုခန့်အပ်ခဲ့တာဖြစ်ပါတယ်လို့ အခုလိုထိုင်းနိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောခွင့်ရပုဂ္ဂိုလ် စီယာစပ်ပုံးထစ်ခရောင်း ကပြောသွားတာဖြစ်ပါတယ်ခင်ဗျာ။